# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 29 , 2023 Volume 71, Number 21

၂၉.၉.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၇၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၃.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၃.၀၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၆၂.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၁.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၄၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၄၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၉၀ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၀၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၁၄၃ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ရှေ့ဘိုခရိုင်အတွင်းဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများနှင့်စီးထွက်မှု



စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ စက်တင်ဘာလ (တတိယပတ်) တွင် စပါး/ဆန် ဈေးနှုန်းများ တည်ငြိမ်နေကြောင်း၊ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ ပြည်နယ် များသို့ ဆန်စီးထွက်မှုမှာ စက်တင်ဘာလ (ဒုတိယပတ်) တွင် ရန်ကုန်သို့ အိတ်ရေ ၁၅၀၀၀၊ မန္တလေးသို့ အိတ်ရေ ၁၈၁၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၅၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၅၀၀၀၊ ပခုက္ကူသို့အိတ်ရေ ၁၀၀၀၊ စုစုပေါင်းအိတ်ရေ ၅၀၆၀၀၊ တန်အား ဖြင့် ၂၅၃၀ တန် စီးထွက်ခဲ့ပြီး စက်တင်ဘာလ (တတိယပတ်) တွင် ရန်ကုန်သို့ အိတ်ရေ ၂၀၅၀၀၊ မန္တလေးသို့ အိတ်ရေ ၂၄၁၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၀၀၀ ၊ ရှမ်း(တောင်)သို့ အိတ်ရေ ၅၀၀၀ ၊ ရှမ်း (မြောက်) သို့ အိတ်ရေ ၅၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၂၀၀၀ ၊ စုစုပေါင်းအိတ်ရေ ၆၂၆၀၀၊ တန် အားဖြင့် ၃၁၃၀ တန် စီးထွက်ခဲ့သည့်အတွက် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခုအပတ်အတွင်း အိတ်ရေ ၁၂၀၀၀၊ တန်အားဖြင့် ၆၀၀ တန် ပို၍ စီးထွက်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာလ (တတိယပတ်)တွင် ရွှေဘိုမြို့၌ ဖြစ်ပေါ်နေသော စပါး/ဆန် ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၃,၇၀၀,၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် ၂၄ ပြည်ပါ တစ်အိတ် လျှင် ကျပ် ၁၂၅,၀၀၀ ၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၀,၀၀၀ နှင့် ၂၀၂၂-၂၀၂၃ ခုနှစ် ရွှေဝါထွန်း (နွေစပါး) တင်း ၁၀၀ လျှင် ကျပ် ၁,၉၀၀,၀၀၀၊ ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**Source: DOCA (စစ်ကိုင်း)**

## ပြည်ပအဝယ်အေးနေသည့်အတွက် ချင်းဝယ်ယူမှု ရပ်နားထား

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ချင်းဝယ်ယူမှုမရှိတော့သည့်အတွက် ပြည်တွင်းရှိ ပွဲရုံများကလည်း ချင်းဝယ်ယူမှုကို ရပ်နားထားကြောင်း သိရသည်။

လက်ရှိတွင် စျေးကွက်အတွင်း ချင်းအသစ်များ ဝင်ရောက်နေပြီး အသစ်စျေး တစ်ပိဿာ ကျပ် ၁၃၀၀ မှ ၂၂၀၀ ကြား ရှိနေပြီး ချင်းအဟောင်းစျေးမှာ တစ်ပိဿာကျပ် ၆၀၀၀ ဝန်းကျင်သာရှိတော့ကြောင်းသိရသည်။

ဩဂုတ်လတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှအဝယ်လိုက်ခဲ့သည့်အတွက် ချင်းစျေးမြင့်တက်ခဲ့ပြီး တစ်ပိဿာငွေကျပ် ၇၅၀၀ အထိ ရောက်ရှိခဲ့ကာ လက်လီစျေးကွက်တွင် တစ်ပိဿာ ၁၀၀၀၀ အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်တွင် စိုက်ဧက ပေါင်း ၁၂၇၈၇ ဧကဖြင့် ချင်းကို အများဆုံးစိုက်ပျိုးပြီး ပျမ်းမျှတစ်နှစ်လျှင် ၃၂၈၄ ဒသမ ၁၀ ပိဿာထွက်ရှိပြီး မြန်မာနိုင်ငံက စိုက်ပျိုးထွက်ရှိသည့် ချင်း၏ ၆၈ ရာခိုင်နှုန်းကို ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ သီရိလင်္ကာ၊ အိန္ဒိယနိုင်ငံတို့သို့ အများဆုံးတင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## မုံရွာမြို့တွင် ကြက်သွန်နီစျေးနှုန်း အနည်းငယ်မြင့်တက်




စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ပေါ်ရှိ ကြက်သွန်နီကုန်ဝယ်ဒိုင်များသို့ ပုလဲ၊ ချောင်းဦး၊ ယင်းမာပင်၊ ဘုတလင်၊ ဆားလင်းကြီးနယ်များမှ ကြက်သွန်နီများအပြင် မုံရွာမြို့နယ်အတွင်း ကြက်သွန်နီအများဆုံး စိုက်ပျိုးထွက်ရှိရာ ဒေသများဖြစ်ကြသော မြေနဲကျေးရွာ၊ အောင်သာကျေးရွာ၊ မင်းကျေးရွာ၊ ကုတောပလ္လင်ကျေးရွာ၊ လယ်တီကျေးရွာ၊ တုံကျေးရွာနှင့် နှုန်းကြီးကျေးရွာစသည့် ကျေးရွာများမှထွက်ရှိသော ကြက်သွန်နီများ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီ စျေးနှုန်းအနေဖြင့် စက်တင်ဘာလ(တတိယ)အပတ်တွင် လက်ကားဒိုင်စျေးမှာ ကြက်သွန်နီ(ထိပ်စ)တစ်ပိဿာလျှင် ကျပ် ၂၈၀၀၊ (အလတ်စ) တစ်ပိဿာလျှင် ကျပ် ၂၆၀၀၊ (အနိမ့်စ) တစ်ပိဿာလျှင် ကျပ် ၂၀၀၀-၂၁၀၀ ဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်နေကြောင်း၊ မုံရွာမြို့ပေါ်ရှိ ကန်သာယာစျေးနှင့် စျေးဟောင်းတို့တွင် ကြက်သွန်နီ လက်လီစျေးနှုန်းမှာ (ထိပ်စ) တစ်ပိဿာလျှင် ကျပ် ၃၁၀၀-၃၂၀၀၊ (အလတ်စ) တစ်ပိဿာလျှင် ကျပ် ၂,၇၀၀-၂,၈၀၀၊ (အနိမ့်စ) တစ်ပိဿာ လျှင် ကျပ် ၂၃၀၀-၂၄၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ယခုအချိန်သည် ကြက်သွန်ပေါ်ချိန်မဟုတ်သေးပဲ ဂိုဒေါင်များမှာ သိုလှောင်ထားသော ကြက်သွန်များကိုသာ ရောင်းချနေကြရခြင်းဖြစ်ကြောင်း မုံရွာမြို့ပေါ်ရှိ ကြက်သွန်ပွဲရုံပိုင်ရှင်တစ်ဦးထံမှ သိရသည်။

**Source: DOCA (စစ်ကိုင်း)**

## ယခုနှစ် တရုတ်နိုင်ငံသို့ ပြည်တွင်းမှ ဖရဲသီးတန်ချိန် တစ်သိန်းကျော်တင်ပို့ခဲ့



ပြည်တွင်းမှ တရုတ်စျေးကွက်သို့ ဖရဲသီးများတင်ပို့ခဲ့ရာတွင် ယခုနှစ်၌ ဖရဲသီးတန်ချိန် တစ်သိန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း သစ်သီးဝလံ ကုန်စည်ဒိုင်(မူဆယ်) မှ သိရသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လကုန်ထိ ၈ လတာ အတွင်း မူဆယ်နယ်စပ်ကုန်သွယ်ရေးမှ တရုတ်စျေးကွက်သို့ ဖရဲသီးတန်ချိန် ၁၁၃၀၀၀ ကျော်ကို ကုန်တင်ယာဉ်အစီးရေ ၇၀၀၀ ကျော် တင်ပို့ခဲ့ခြင်းဖြစ်သည်။ "ဖရဲသီးကို ပြည်တွင်းကနေ တရုတ်ဘက် တင်ပို့ရာမှာ လက်ရှိ အခြေအနေအရ စျေးကွက်ကမကောင်းဘူး။ ဘာလို့လဲ

ဆိုတော့ တရုတ်ဘက်ကလည်း ဖရဲသီးတွေ အထွက်များနေတာကြောင့် ကျွန်တော်တို့ဘက်က ဖရဲသီးက ဈေးကောင်းမရတာဖြစ်ပါတယ်ဟု” (မူဆယ်)ဖရဲသီးပွဲရုံတစ်ခုမှ ပြောသည်။

ပြည်တွင်း၌ နိုဝင်ဘာမှ ဇူလိုင်လအတွင်း ဖရဲသီးလှိုင်လှိုင် ထွက်ပေါ်ချိန်ဖြစ်၍ ထိုအချိန်၌ တရုတ်ဈေးကွက်တွင် ဈေးကောင်းရရှိခဲ့သော်လည်း ငွေဈေးအပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း တရုတ်ဘက်သို့ တင်ပို့ရာတွင် ဝန်ဆောင်ခနှင့်စစ်ဆေးခများမှာ ယွမ် ၉၀၀ ဝန်းကျင်ကျသင့်ပြီး အကောက်ခွန်ကြေး မပါဝင်သေးကြောင်း သိရသည်။ “လက်ရှိမှာ စက်သုံးဆီဈေးနဲ့ တခြားစရိတ်တွေက ကုန်ကျမှုများပြားလို့ မူဆယ်အရောက်ဆိုရင် ဖရဲသီးတစ်တန်ကို ကုန်ကျစရိတ်များတယ်။ ဖရဲသီးအရည်အသွေးကောင်းပြီး ဈေးကွက်ကောင်းမှ တင်ပို့သူတွေမှာ နည်းနည်းပဲမြတ်တယ်။ အဲဒီလိုမဟုတ်ရင် အရှုံးနဲ့ရင်ဆိုင်ရတယ်ဟု” ဖရဲသီးကုန်သည်တစ်ဦးက ပြောသည်။

တရုတ်ဘက်တွင်လည်း ဖရဲသီးများ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုအချိန်၌ ၎င်းတို့စိုက်ပျိုးသည့် ဖရဲသီးများ လှိုင်လှိုင်ပေါ်ချိန်ဖြစ်၍ ဝယ်လက်များက ပြည်တွင်းမှတင်ပို့သော ဖရဲသီး များကို လာဝယ်သူမရှိသလောက် နည်းပါးနေကြောင်း၊ လက်ရှိတွင် ပြည်တွင်း၌ ကျောက်စိမ်းဖရဲသီး များ စတင်ထွက်ပေါ်နေပြီး တရုတ်ဘက်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။ “ဒီရက်ပိုင်းမှာ ဖရဲသီးက ဈေးကောင်းမရတာရယ်၊ အထွက်နည်းသေးတာကြောင့်ရယ် မူဆယ်ကို ဖရဲကား တစ်နေ့တစ်စီး၊ နှစ်စီးပဲ ဝင်လာတယ်ဟု သစ်သီးဝလံကုန်စည်ဒိုင်(မူဆယ်)မှ သိရသည်။

ပြည်တွင်းမှ ဖရဲသီးများသည် အောက်တိုဘာလကုန်မှစ၍ လှိုင်လှိုင်ထွက်ပေါ်မည်ဖြစ်သည်။ တရုတ်ဈေးကွက်သို့ အပြိုင်အဆိုင်ဝင်ရောက်လာမည်ဖြစ်ရာ အရည်အသွေးကောင်းမွန်သော ဖရဲသီးများတင်ပို့မှသာ ဈေးကောင်းရရှိနိုင်မည်ဟု ဆိုသည်။

**Source:** မကွေးဂျာနယ်

## ဈေးကွက်ထဲ ဆန်ဖြူလုံလောက်သဖြင့် အစိုးရအရန်ဆန် ထည့်သွင်းပေးရန်မလိုအပ်ဟု Bernas ပြောကြား

မလေးရှားမှ Padiberas Nasional Bhd (Bernas) ကုမ္ပဏီများအုပ်စုသည် ပြည်တွင်းစပါးဝယ်ယူရေးနှင့် ဆန်စီမံဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်ပါသည်။ ထို့ပြင် ပြည်ပမှ ဆန်တင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ဈေးကွက်တင်ခြင်းတို့ကိုလည်း လုပ်ကိုင်ပါသည်။

ဈေးကွက်ထဲ ဆန်ဖြူအလုံအလောက်ရှိကြောင်း Padiberas Nasional Bhd (Bernas) က စက်တင်ဘာလ ၂၈ ရက်တွင် လူထုကို အသိပေးကြေညာချက်ထုတ်ပြန်သည်။ ကြေညာချက်တွင် Bernas က လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း ပျမ်းမျှလစဉ်ရောင်းချမှုထက် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ သြဂုတ်လအထိ ၈လတာအတွင်း ၃၈ ရာခိုင်နှုန်းအထိ ဆန်ဖြန့်ဖြူးမှု တိုးခဲ့ကြောင်း အသိပေးထားသည်။ ၈ လတာတွင် ဆန်မက်ထရစ်တန် ၆၃၀,၀၀၀ ဖြန့်ဖြူးခဲ့ပြီး ဆန်တင်သွင်းမှုများလည်း ဆောင်ရွက်ခဲ့ကြောင်း Bernas က ပြောကြားသည်။ “ဆန်ဖြူထောက်ပံ့မှုက အစိုးရရဲ့ အရန်ဆန်ထောက်ပံ့မှုကို သုံးစရာမလိုဘဲ လုံလောက်ပါတယ်"ဟု ပြောကြားသည်။

ပြည်တွင်းဆန်ဖြူ ဝယ်လိုအားတိုးလာရခြင်းမှာ ပြည်တွင်းဆန်ဖြူနှင့် ပြည်ပမှတင်သွင်းလာသော ဆန်ဖြူဈေးနှုန်းများကွာခြားမှုကြောင့်ဖြစ်သည်ဟု ပြောကြားသည်။ စားသုံးသူတို့သည် ပြည်ပမှတင်သွင်းသည့်ဆန်များ ဈေးမြင့်တက်သဖြင့် ပြည်တွင်းဆန်ကို ပြောင်းလဲစားသုံးကြသည်။ စားသောက်ကုန်လုပ်ငန်းများကလည်း ပြည်တွင်းဆန်ကို ပြောင်းလဲ သုံးစွဲကြသည်။

Bernas သည် ပြည်တွင်းဆန် ဈေးကွက်တွင် ၁၀% ဝန်းကျင်မျှသာ ကိုင်တွယ်ပြီး ကျန်သည့် ၉၀% ကို ပုဂ္ဂလိက ဆန်စက်များက စပါးဝယ်ယူပြီး ဆန်စပါးကြိတ်ခွဲထုတ်လုပ်ရေးကို လုပ်ကိုင်ကြသည်ဟု Bernas က ပြောကြားသည်။ သို့သော် ပြည်တွင်းဆန်ဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာဖူလုံရေးဝန်ကြီးဌာန Ministry of Agriculture and Food Security (MAFS) မှ ကြားဝင် ဆောင်ရွက်ပေးသည့် အစီအစဉ်များအားလုံးကို အမြဲတစေပံ့ပိုးပေးရန် တာဝန်ယူကြောင်း Bernas က ပြောကြားသည်။

နိုင်ငံပိုင်သတင်းဌာန Bernama က စီလန်ဂေါ် အခြေခံအဆောက်အအုံနှင့် စိုက်ပျိုးရေးကော်မတီဥက္ကဋ္ဌ Izham Hashim က အစိုးရသည် Bernas မှတစ်ဆင့် တင်သွင်းလာသော ဆန်ဖြူများကို ယခုနှစ်ကုန်အထိ ငွေကြေးထောက်ပံ့မည်ဟု ပြောကြားခဲ့ကြောင်း သတင်းဖော်ပြသည်။

MAFS ဝန်ကြီး Datuk Seri Mohamad Sabu က အိန္ဒိယ၏ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများ သက်သာချောင်ချိရေးဝန်ကြီးနှင့် မကြာမီတွေ့ဆုံရန် မျှော်လင့်ထားကြောင်း၊ အိန္ဒိယအစိုးရက တင်ပို့ခွင့်ပိတ်ပင်ထားသော အိန္ဒိယဆန်ဖြူဝယ်ယူခွင့်ရရန် ဆွေးနွေးမည်ဟုပြောကြားသည်။

**Source: malaymail**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6957-bernas.html

## လွတ်လပ်သောကုန်သွယ်ရေးဇုန်များသည် တရုတ်နိုင်ငံ၏ အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးလျက်ရှိ

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်မြို့တော် ကူမင်းမြို့ရှိ ကုန်တင်၊ ကုန်ချ ဂိတ်တစ်ခုအနီးတွင် ဂိတ်လုပ်သားများသည် အအေးခန်း ကုန်သေတ္တာတစ်ခုပေါ်မှ ဒူးရင်းသီးသေတ္တာများကို ထရပ်ကားတစ်စီးပေါ်သို့ သယ်ယူတင်ဆောင်နေကြသည်။ လာအိုနိုင်ငံ၏မြို့တော် ဗီယင်ကျန်းမြို့မှ တရုတ်-လာအိုမီးရထားလမ်းဖြင့် ကူမင်းမြို့သို့ (၂၆) နာရီကြာ ခရီးစဉ်အပြီးတွင် ထိုင်းနိုင်ငံမှဒူးရင်းသီးများ တင်သွင်းလာပြီး ချုံကင်းမြို့သို့ ကားလမ်းဖြင့် ဆက်လက်ပို့ဆောင်ရောင်းချမည်ဖြစ်သည်။

ယင်းကုန်တင်၊ ကုန်ချဂိတ်သည် ကူမင်းမြို့ China United International Rail Container Co.,Ltd (CRIntermo dal) ၏ China (Yunnan) Pilot Free Trade Zone (FTZ) တွင် တည်ရှိပြီး တရုတ်-လာအို မီးရထားလမ်းကို အသုံးပြု၍ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်နေခြင်းဖြစ်သည်။ အဆိုပါ မီးရထားလမ်းအား ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး အချိန်မှစ၍ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့အထိ လာအိုနိုင်ငံသို့ ကုန်စည်တန်ချိန် ၂၂၄,၀၀၀ တန်ကျော် တင်ပို့နိုင်ခဲ့ပြီး လာအိုနိုင်ငံမှ ကုန်စည်တန်ချိန် ၃၁၂,၆၀၀ တန် တင်သွင်းနိုင်ခဲ့သည်။

ယူနန်ပြည်နယ်သည် မြန်မာနိုင်ငံ၊ လာအိုနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ ၂၀၁၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီးနောက် ယူနန်ရှေ့ပြေး လွတ်လပ်သောကုန်သွယ်ရေးဇုန် (Yunnan Pilot Free Trade Zone) သည် Belt and Road နှင့် Yangtze River Economic Belt အကြား ဆက်သွယ်မှုကိုမြှင့်တင်ရန်နှင့် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများကို ဆက်သွယ်ပေးမည့် အဓိကစကြံ၏ အရေးကြီးသော ဗဟိုချက်တစ်ခုအဖြစ် ပြောင်းလဲလာခဲ့သည်။

၂၀၁၃ ခုနှစ်တွင် စက်တင်ဘာလတွင် ရှန်ဟိုင်းမြို့၌ ၎င်း၏ ပထမဆုံးသော ရှေ့ပြေးလွတ်လပ်သော ကုန်သွယ်ရေးဇုန်ကို တည်ထောင်ခဲ့ပြီးအချိန်မှစ၍ တရုတ်နိုင်ငံသည် လွတ်လပ်သောကုန်သွယ်ရေးဇုန် (၂၀) ခုနှင့် ဟိုင်နန် လွတ်လပ်သော ကုန်သွယ်ရေးဆိပ်ကမ်းတို့ကို ထပ်မံတည်ထောင်နိုင်ခဲ့သည်။

မတူညီသော မဟာဗျူဟာမြောက် တည်နေရာအနေအထားနှင့်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များနှင့်အတူ နိုင်ငံတစ်ဝှမ်းရှိ ရှေ့ပြေးလွတ်လပ်သောကုန်သွယ်ရေးဇုန် (pilot FTA) များသည် ၎င်းတို့၏ ကိုယ်ပိုင်ဝိသေသလက္ခဏာများနှင့် အားသာချက်များကို အပြည့်အဝဖော်ဆောင်နိုင်ကြသည်။ ယင်းမှာ အဖွဲ့အစည်းဆိုင်ရာ တီထွင်ဆန်းသစ်မှုများ၏ အောင်မြင်မှုများကို ဖော်ဆောင်နိုင်သည့် အရင်းအမြစ်တစ်ခုဖြစ်ရန်၊ ကမ္ဘာ့ထိပ်တန်းစက်မှုလုပ်ငန်းစုများကို စုဖွဲ့တည်ထောင်နိုင်ရန်နှင့် တိုင်းပြည်၏ အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုသို့ ပံ့ပိုးကူညီမှုများ ဆောင်ရွက်နိုင်ရန် မြှင့်တင်ပေးလျက်ရှိသည်။

သိသာထင်ရှားသည့် ဥပမာတစ်ခုအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုကျယ်ပြန့်သော စျေးကွက်ဝင်ရောက်မှု ခွင့်ပြုပေးထားသည့် ရှန်ဟိုင်း လွတ်လပ်သောကုန်သွယ်ရေးဇုန်သည် ကန့်သတ်ကုန်စည်စာရင်း (Negative List) ကို စဉ်ဆက်မပြတ် လျှော့ချလာနိုင်ခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် ပထမဆုံး ရှေ့ပြေးလွတ်လပ်သော ကုန်သွယ်ရေးဇုန်၏ ကန့်သတ်ကုန်စည်စာရင်း (Negative List) ကို ၂၀၁၃ ခုနှစ်တွင် ကြေညာခဲ့ပြီးအချိန်မှစ၍ တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ ပထမဆုံးပြင်ဆင်မှုတစ်ခုအဖြစ် ခုနှစ်ကြိမ် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ်၌ စာရင်းပါ ကုန်စည်အရေအတွက်ကို ၁၉၀ မျိုးမှ ၂၇ မျိုးအထိ လျှော့ချနိုင်ခဲ့သည်။

အရှေ့တောင်အာရှ (အာဆီယံ) နိုင်ငံများနှင့် တရုတ်နိုင်ငံကို ဆက်သွယ်ထားသော နယ်စပ်ဒေသဖြစ်သည့် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးဇွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကွမ်ရှီး လွတ်လပ်သောကုန်သွယ်ရေးဇုန်သည် အာဆီယံနိုင်ငံများ၏ ရင်ဆိုင်နေရသော နိုင်ငံတကာ ရေကြောင်းကုန်သွယ်မှုအတွက် စကြံသစ်တစ်ခုဖြစ်လာရန် ကြိုးပမ်းလျက်ရှိသည်။ ၎င်းအပြင် ၂၁ ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမနှင့် ပိုးလမ်းမစီးပွားရေးလမ်းကြောင်း (Silk Road Economic Belt) တို့ကို ချိတ်ဆက်ပေးနိုင်သည့် အရေးကြီးသော ဂိတ်ပေါက်တစ်ခုဖြစ်လာရန်လည်း ကြိုးပမ်းလျက်ရှိသည်။

လွန်ခဲ့သော ၁၀ နှစ်ကျော်ကာလအတွင်း လွတ်လပ်သောကုန်သွယ်ရေးဇုန်များ၌ အဖွဲ့အစည်းဆိုင်ရာ ဆန်းသစ်တီထွင်မှု (၃၀၀) ကျော်ကို ဖော်ထုတ်နိုင်ခဲ့သည်။ ရင်းနှီးမြှုပ်နှံမှု ပံ့ပိုးကူညီခြင်း၊ ကုန်သွယ်မှုဆိုင်ရာဖြေလျော့ခြင်း၊ ငွေကြေးဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် အခြားနယ်ပယ်ကိစ္စရပ်များ၌ တစ်နိုင်ငံလုံးလိုက်နာကျင့်သုံးရန် ပြဋ္ဌာန်းနိုင်ခဲ့သည်။ လွတ်လပ်သော ကုန်သွယ်ရေးဇုန်များ မြှင့်တင်ခြင်းနှင့် ဇုန်များ၏ အရည်အသွေးမြှင့် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ခြင်းအတွက် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရှိရသည်။

နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မောင်းနှင်အားတစ်ခုဖြစ်သည့် လွတ်လပ်သောကုန်သွယ်ရေးဇုန် (FTA) များ ဖွံ့ဖြိုး တိုးတက်ရေးကို အလေးထားဆောင်ရွက်ပြီး နိုင်ငံ၏ကုန်သွယ်ရေးကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့ကို မြှင့်တင်ဆောင်ရွက် သွားနိုင်မည်ဖြစ်သည်။

**Source:** http://en.people.cn/n3/2023/0928/c90000-20078054.html

**(စီးပွားရေးသံမှူး၊ တရုတ်နိုင်ငံ(ကူမင်းမြို့))**

https://myantrade.gov.mm/article/Naypyitawstp_290920231123

## ဗြိတိန်နှင့်ပြင်သစ်လုပ်ငန်းများ ဟောင်ကောင်ဒေသကို မျက်စေ့ကျ

ဟောင်ကောင်ဒေသ၌ အခြေပြုပြီး တရုတ်ပြည်မနှင့် ကျန်အာရှနိုင်ငံများသို့ လုပ်ငန်းချဲ့ထွင်ရန်နှင့် green technology ဘဏ္ဍာရေး၊ ဆန်းသစ်တီထွင်မှုလုပ်ငန်းများနှင့် ယဉ်ကျေးမှုနှင့်အနုပညာကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်သွားနိုင်သည်ဟု ဗြိတိန်နှင့်ပြင်သစ်လုပ်ငန်းများက ပြောကြားခဲ့သည်ဟု ဟောင်ကောင်ဒေသ ဘဏ္ဍာရေးဝန်ကြီး Paul Chan Mo-po က ၎င်း၏ Blog တွင်ပြောကြားခဲ့ကြောင်း South China Morning Post သတင်းဌာနမှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်တွင် “British, French businesses eyeing Hong Kong as launch pad for expansion into mainland China and rest of Asia, city’s Paul Chan says” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

ဘဏ္ဍာရေးဝန်ကြီး၏ စီးပွားရေးလုပ်ငန်းရှင် ၁၃၀ ခန့်ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ ဥရောပဒေသသို့ ၁၀ ရက်ကြာ သွားရောက်မည့်ခရီးစဉ် ဒုတိယနိုင်ငံအဖြစ် ဗြိတိန်ခရီးစဉ် အဆုံးသတ်ပြီးနောက် ဂျာမနီနိုင်ငံသို့ ဆက်လက် သွားရောက်မည်ဖြစ်ပါသည်။ အဆိုပါ ခရီးစဉ်တွင်ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကိုဗစ်-၁၉ ဖြစ်ပွားချိန်မှစ၍ ပြင်သစ် နိုင်ငံသို့ အလုပ်သဘောသွားရောက်သည့် အများဆုံးကိုယ်စားလှယ်အဖွဲ့ဖြစ်ပါသည်။

ဟောင်ကောင်ဒေသသည် စီးပွားရေးလုပ်ငန်းများအတွက် လုပ်ငန်းများ တည်ထောင်လုပ်ကိုင်ရန် အကျွမ်းတဝင်ရှိခြင်း၊ ယုံကြည်မှုရရှိပြီး နှစ်ခြိုက်သဘောကျသည့် ဒေသဖြစ်ကြောင်း၊ ဒေသ၌ common law စနစ်ကျင့်သုံးခြင်း၊ စီးပွားရေး လုပ်ငန်းများအတွက် အဆင်ပြေစေသည့် ပတ်ဝန်းကျင်၊ ရိုးရှင်းသည့်အခွန်စနစ်နှင့် အခွန်ကောက်ခံမှုနည်းပါးခြင်းနှင့် နိုင်ငံတကာနှင့်လိုက်လျောညီထွေရှိသည့် စည်းမျဉ်းစည်းကမ်းမူဘောင်တို့ရှိကြောင်း ဟောင်ကောင်ဒေသ၏ အားသာချက် များကို Chan က Blog တွင် ရေးသားထားခဲ့ပါသည်။

ဟောင်ကောင်ဒေသသည် အာရှဒေသနှင့် ကမ္ဘာတစ်လွှားသို့ ချိတ်ဆက်နိုင်သည့် နေရာတစ်ခုနှင့် တံခါးပေါက်အဖြစ် ရပ်တည်နေသောကြောင့် ဗြိတိန်နှင့်ပြင်သစ်လုပ်ငန်းများအနေဖြင့် ၎င်းတို့လုပ်ငန်းများကို ဟောင်ကောင်ဒေသတွင် လာရောက် တိုးချဲ့ရန် တိုက်တွန်းလိုကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ ဟောင်ကောင်ဒေသ၌ ဗြိတိန်လုပ်ငန်း ၆၅၀ နှင့် ပြင်သစ် လုပ်ငန်းပေါင်း ၃၆၀ လာရောက်လုပ်ကိုင်လျက်ရှိပြီး၊ ၂၀၂၁ ခုနှစ် စာရင်းဇယားများအရ အဆိုပါနှစ်နိုင်ငံ၏ ဟောင်ကောင် ဒေသ၌ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တန်ဖိုးအနေဖြင့် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ ရှိကြောင်း ပြောကြားခဲ့ပါသည်။

ထို့ပြင် ကမ္ဘာ့အကြီးစား ဆေးကုမ္ပဏီဖြစ်သည့် AstraZeneca ကုမ္ပဏီသည် ဟောင်ကောင်ဒေသ၌ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနတစ်ခု လာရောက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် ဟောင်ကောင်သိပ္ပံနှင့် နည်းပညာဥယျာဉ်များ အများပိုင် ကုမ္ပဏီနှင့်လည်း သဘောတူညီချက်နှစ်စောင် လက်မှတ်ရေးထိုးခဲ့သည်ဟု ရေးသားဖော်ပြထားပါသည်။

ဘဏ္ဍာရေးဝန်ကြီးသည် ဥရောပကုန်သွယ်မှုခရီးစဉ်၏ ပထမဆုံးနိုင်ငံဖြစ်သည့် ပြင်သစ်နိုင်ငံ၊ ပါရီမြို့သို့ ၃ ရက်ကြာ သွားရောက်ခဲ့ပြီး ဒေသခံအစိုးရတာဝန်ရှိသူများ၊ အသက်ရှင်ရပ်တည်မှုနှင့် ကျန်းမာရေးဆိုင်ရာ နည်းပညာ၊ ယဉ်ကျေးမှုနှင့် တီထွင်မှုကဲ့သို့သော ကဏ္ဍများမှ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံခဲ့ပြီး၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့သို့ သွားရောက်ခဲ့ပါသည်။ ထို့နောက် ဂျာမနီနိုင်ငံ ဘာလင်မြို့သို့ ဆက်လက်သွားရောက်မည်ဖြစ်ကြောင်းနှင့် ထို့နောက် ဘဏ္ဍာရေးလုပ်ငန်းအတွက် အရေးပါသည့်မြို့ဖြစ်သော Frankfurt မြို့သို့ သွားရောက်ကာ စီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်း၊ လုပ်ငန်းများသို့ သွားရောက်လည်ပတ်ခြင်းများ ပြုလုပ်မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသ၌ အမျိုးသားလုံခြုံရေးဥပဒေ ချမှတ်ကျင့်သုံးမှုကြောင့် ဟောင်ကောင်ဒေသနှင့် ဗြိတိန်နိုင်ငံတို့ အကြား နိုင်ငံရေးအရ တင်းမာမှုများဖြစ်ပွားနေချိန်တွင် ယခုကဲ့သို့ ၁၀ ရက်ကြာ ဥရောပခရီးစဉ် သွားရောက်ခြင်းဖြစ်ကြောင်း ရေးသား ဖော်ပြထားပါသည်။

**Source: (စီးပွားရေးသံမှူး၊ ဟောင်ကောင်)**

https://myantrade.gov.mm/article/Naypyitawstp_290920231000

## STOCK EXCHANGE (29.9.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 29th Sep. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,300 (Shares) | 23,030,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +100 | +1.12% | 8,800 | 9,000 | 8,800 | 189 | 1,680,300 | 33,109,694 | 297,987 |
| MTSH | 00002 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,000 | 5,627 | 17,062,350 | 38,929,150 | 118,734 |
| MCB | 00003 | 7,500 | +100 | +1.35% | 7,400 | 7,500 | 7,400 | 5 | 37,200 | 10,400,986 | 78,007 |
| FPB | 00004 | 1,700 | +50 | +3.03% | 1,700 | 1,700 | 1,700 | 216 | 367,200 | 29,664,613 | 50,430 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 0 | 0 | 12,823,224 | 30,776 |
| EFR | 00006 | 2,200 | +0 | +0.00% | 2,200 | 2,200 | 2,200 | 536 | 1,179,200 | 19,977,223 | 43,950 |
| AMATA | 00007 | 5,000 | +100 | +2.04% | 4,800 | 5,000 | 4,800 | 455 | 2,228,600 | 10,497,598 | 52,488 |
| MAEX | 00008 | 1,800 | +50 | +2.86% | 1,750 | 1,800 | 1,750 | 272 | 476,100 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 29th Sep. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 379.19 | +4.28 | +1.14% | 373.38 | 379.19 | 373.38 | 7,300 | 23,030,950 | 8 | 715,221 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 29th Sep. 2023

| Trading Volume | Trading Value |
|---|---|
| 7,300 (Shares) | 23,030,950 (MMK) |

### Main Board

As of 1:00 pm, 29th Sep. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,300 (Shares) | 23,030,950 (MMK) |

| MYANPIX | 379.19 ▲ 4.28 |
|---|---|
| Total Volume (shares) | 7,300 |
| Total Value (MMK) | 23 mil |
| Listed Company | 8 |
| Market Cap. (MMK) | 715,221 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 100 |
| MTSH | 00002 | 3,050 | ▲ 0 |
| MCB | 00003 | 7,500 | ▲ 100 |
| FPB | 00004 | 1,700 | ▲ 50 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,200 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 100 |
| MAEX | 00008 | 1,800 | ▲ 50 |

TIR